OCHA

# ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် တိုက်ပွဲများ အရှိန်မြင့်လာခြင်း

**အရေးပေါ်သတင်းအချက်အလက် အမှတ်စဉ် (၂)**

*၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့အခြေအနေ*

## အဓိကအချက်အလက်များ




- မြန်မာ့တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များအကြားတွင် အောက်တိုဘာလ ၂၆ ရက်မှစတင်ခဲ့သည့် တိုက်ပွဲများသည် အရှိန်မြင့်တက်နေဆဲဖြစ်ပြီး၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ပိုင်းနှင့် အရှေ့တောင်ပိုင်း ဒေသများအပေါ် ကြီးမားသောသက်ရောက်မှုများ ရှိနေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ကရင်ပြည်နယ် တို့တွင် လူဦးရေ ၂၅၇၀၀ ဦးသည် လတ်တလော နေရပ်စွန့်ခွာခဲ့ရကြောင်း အစီရင်ခံထားပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် (၂၂) မြို့နယ် အနက် အနည်းဆုံး ၉ မြို့နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် လတ်တလော နေရပ်စွန့်ခွာရသူ အရေအတွက် ရုတ်တရက်များပြားလာပြီး၊ လူသားချင်းစာနာမှု လိုအပ်ချက်များလည်း မြင့်တက်လာ နေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံတွင်းနေရပ်စွန့်ခွာရသူ (IDPs) အရေအတွက်သည် ယခုအခါ ၃၇၄၀၀ ဦးအထိရှိလာပြီဖြစ်သည်။ ယခင်က နေရပ်စွန့်ခွာခဲ့ရသူ ၁၄၄၇၀ ဦးရှိနေပြီး၊ အရှိန်မြင့်လာသော တိုက်ပွဲများကြောင့် လတ်တလော နေရပ်စွန့်ခွာလာရသူ ၂၃၀၀၀ ဦး ထပ်တိုးလာခြင်းဖြစ်သည်။ ထို့ကြောင့် ယခင်ကပင် ရန်ပုံငွေလုံလောက်စွာ မရရှိခဲ့သော လူသားချင်းစာနာမှု တုံ့ပြန်ရေးလုပ်ငန်းများကို ပိုမိုကျပ်တည်းစေပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆက်သွယ်ထားသော အဓိကလမ်းမကြီးများကို MAF နှင့် EAOs နှစ်ဖက်လုံးက စစ်ဆေးရေးဂိတ်များဖြင့် တားဆီးပိတ်ဆို့ထားပြီး၊ အနည်းဆုံးအားဖြင့် အရေးပါသော တံတားတစ်စင်း ဖျက်ဆီးခံထားရသည်။ ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းနှင့် ကရင်ပြည်နယ်တို့ရှိ ဒေသအများအပြားတွင် ဖုန်းနှင့် အင်တာနက် ဝန်ဆောင်မှုများ လုံးဝနီးပါး ပြတ်တောက်မှုကို ရင်ဆိုင်နေရပါသည်။
- ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘာသာရေးအဖွဲ့အစည်းများနှင့် အိမ်ရှင်ရပ်ရွာလူထုတို့က အမိုးအကာ၊ စားနပ်ရိက္ခာ၊ ရေစသည့် လတ်တလောနှင့် အခြေခံအသက်ကယ်ဆယ်ရေးအကူအညီများကို ထောက်ပံ့လှူဒါန်းပေးနေကြသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများစွာတို့ကလည်း ရပ်ရွာလူထုများ၊ ပုဂ္ဂလိကအလှူရှင်များနှင့်အတူတွဲ၍ လတ်တလော နေရပ်စွန့်ခွာလာရသူများအား ငွေကြေးအကူအညီ၊ အခြေခံစားနပ်ရိက္ခာနှင့် မရှိမဖြစ်လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများကို တိုးချဲ့ထောက်ပံ့ပေးနေပါသည်။
- သို့ရာတွင် ထောက်ပံ့ပေးအပ်လိုက်သော အကူအညီများမှာ ကြီးမားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းဖြေရှင်းရန် မလုံလောက်သေးဘဲ၊ ဝင်ရောက်ကူညီရေး/သွားလာရေးမှာလည်း အလွန်အမင်း ခက်ခဲနေဆဲဖြစ်ပါသည်။

The mission of the United Nations Office for the Coordination of Humanitarian Affairs (OCHA) is to
Coordinate the global emergency response to save lives and protect people in humanitarian crises.
We advocate for effective and principled humanitarian action by all, for all.
www.unocha.org

## အခြေအနေသုံးသပ်ချက်

ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတို့တွင် အောက်တိုဘာလ ၂၆ ရက်နေ့ကတည်းက စတင်ခဲ့သည့် တိုက်ပွဲများသည် အရှိန်မြင့်တက်နေဆဲဖြစ်ပြီး၊ မြို့နယ်အများအပြားတွင် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော် (MAF) တို့အကြား ပြင်းထန်သော ရင်ဆိုင်တိုက်ပွဲများ နေ့စဥ်ဖြစ်ပွားနေပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ် ၂၂ မြို့နယ်အနက် အနည်းဆုံး ၉ မြို့နယ်၌ မြန်မာ့အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA)၊ တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) နှင့် ရက္ခိုင့်တပ်တော် (AA) တို့ဖြင့်ဖွဲ့စည်းထားသည့် EAOs ပူးပေါင်းတပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့အကြား တိုက်ပွဲများဖြစ်ပွားနေကြောင်း အစီရင်ခံထားပြီး၊ နိုင်ငံတွင်းနေရပ်စွန့်ခွာရသူ (IDPs) အရေအတွက်ကို ရုတ်တရက် ထပ်မံတိုးမြင့်စေခဲ့ပါသည်။ တိုက်ပွဲများစတင်ဖြစ်ပွားပြီး (၇) ရက်ကြာမြင့်ပြီဖြစ်သည့်အချိန်တွင် EAOs များက ဆက်လက်တိုက်စစ်ဆင်နေဆဲဖြစ်ပြီး၊ မြို့နယ် ၇ မြို့နယ်တွင် MAF တပ်စခန်းများကို ဆက်လက် သိမ်းပိုက်နေကြောင်း သတင်းရရှိပါသည်။ လက်ရှိတိုက်ပွဲများ အရှိန်မြင့်လာခြင်းကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များမှ အနည်းဆုံး လူဦးရေ ၂၃၀၀၀ ကျော်သည် နေရပ်စွန့်ခွာ ထွက်ပြေးနေရပြီး၊ အဓိကအားဖြင့် ဘာသာရေးအဆောက်အဦများနှင့် တောတောင်များအတွင်း ခိုလှုံနေကြရသည်။ ထို့အပြင် ယင်းတိုက်ပွဲများကြောင့် ကလေးသူငယ်များအပါအဝင် အနည်းဆုံး အရပ်သား ၉ ဦးသေဆုံးခဲ့ရပြီး၊ ထိခိုက်ဒဏ်ရာရမှုများလည်းရှိကြောင်း အစီရင်ခံထားပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် တိုက်ပွဲများဖြစ်ပွားနေခြင်းနှင့် နှစ်ဖက်လုံးမှ တင်းကျပ်ထားသော လုံခြုံရေး အခြေအနေများကြောင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီမရရှိသဖြင့် အရပ်သား ၂ ဦးသေဆုံးခဲ့ရကြောင်း အစီရင်ခံထားပါသည်။

သယ်ယူပို့ဆောင်ရေးသည်လည်း ကြီးမားစွာ ထိခိုက်လျက်ရှိပါသည်။ အောက်တိုဘာလ ၂၇ ရက်နေ့အခြေအနေအရ၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးများတွင် ကုန်သွယ်ရေးသွားလာမှုအားလုံးကို လားရှိုးမြို့ မြောက်ပိုင်းမှစ၍ ရပ်ဆိုင်းထားသည်။ မူဆယ်မြို့နယ်ရှိ နယ်စပ်ဂိတ်များနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အချက်အချာနေရာတစ်ခုဖြစ်သည့် လားရှိုးလေဆိပ်တို့ကို လည်းပိတ်ထားဆဲဖြစ်သည်။ အဓိကဆက်သွယ်ရေးလမ်းများကို တားဆီးပိတ်ဆို့ထားပြီး၊ အနည်းဆုံးအားဖြင့် တံတားတစ်စင်း ဖောက်ခွဲဖျက်ဆီးခံထားရသည်။ ဤအတားအဆီးများနှင့်အတူ MAF နှင့် EAOs နှစ်ဖက်လုံးမှ နေရာယူထားသည့် စစ်ဆေးရေးဂိတ်များကြောင့် အထူးသဖြင့် မန္တလေး-လားရှိုး-မူဆယ်အဝေးပြေးလမ်းမကြီးနှင့် လားရှိုး-ချင်းရွှေဟော်လမ်းတို့အပါအဝင် သယ်ယူပို့ဆောင်ရေးနှင့် သွားလာရေးကို များစွာထိခိုက်စေခဲ့သည်။ ထို့အပြင် အောက်တိုဘာလ ၂၈ ရက်နေ့မှစတင်၍ မြို့နယ်အများအပြားတွင် မိုဘိုင်းဖုန်းနှင့် အင်တာနက်များ အပါအဝင် ဆက်သွယ်ရေး ဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့်သာ ရရှိနေသည်။

နိုင်ငံအရှေ့တောင်ပိုင်းတွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏ ပူးပေါင်းတပ်ဖွဲ့များနှင့် မြန်မာ့တပ်မတော်တို့အကြား လတ်တလောဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်းရှိ ကျောက်ကြီးမြို့နယ်နှင့် ကရင်ပြည်နယ်ရှိ ကော့ကရိတ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်တို့ကို ကြီးမားစွာ ထိခိုက်ခဲ့သည်။ ဤမြို့နယ်များတွင် လက်ရှိ နေရပ်စွန့်ခွာရသူ (IDPs) အရေအတွက် ၆၀၀၀ ခန့်ရှိနေပါသည်။ အောက်တိုဘာလ ၂၈ ရက်နေ့တွင် လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ကျောက်ကြီးမြို့နယ်တွင် လူဦးရေ ၂၀၀၀ ကျော်ခန့် ကနဦးနေရပ်စွန့်ခွာ ထွက်ပြေးခဲ့ရသည်။ ကော့ကရိတ်မြို့နယ်တွင် အရပ်သား ၄ ဦးသေဆုံးပြီး ၆ ဦးဒဏ်ရာရရှိခဲ့ရာ ထိခိုက်ခံရသူများတွင် ကလေးသူငယ်များလည်း ပါဝင်ကြောင်း အစီရင်ခံထားပါသည်။ ကရင်ပြည်နယ်တွင် လူဦးရေ ၆၀၀ ခန့် လတ်တလောနေရပ်စွန့်ခွာခဲ့ရကြောင်း သိရှိရသော်လည်း၊ အမှန်တကယ် နေရပ်စွန့်ခွာရသူ အရေအတွက်မှာ ထို့ထက်ပို၍ များပြားနိုင်ပြီး၊ စိစစ်အတည်ပြုနေဆဲဖြစ်သည်။ ဤမြို့နယ် ၃ မြို့နယ်ရှိ ဆက်သွယ်ရေး တာဝါတိုင်များနှင့် အင်တာနက်ဆက်သွယ်မှုများ ထိခိုက်ခဲ့ပြီး၊ လုံခြုံရေးအခြေအနေများကြောင့် မိတ်ဖက်များအနေဖြင့် နေအိမ်ပြင်ပသို့ထွက်၍ အချက်အလက်များကို စုဆောင်းအတည်ပြုနိုင်စွမ်း နည်းပါးလျက်ရှိပါသည်။ အစီရင်ခံချက်များအရ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဘုန်းကြီးကျောင်းများတွင် IDPs များဖြင့် ပြည့်နေပြီး၊ မြို့ပေါ်ရှိ အခြားနေရာများတွင် ပိုမိုဘေးကင်းလုံခြုံသော နေရာများကို ရှာဖွေနေကြရသည်။

## လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များနှင့် တုံ့ပြန်ရေးလုပ်ငန်းများ

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘာသာရေးအဖွဲ့အစည်းများနှင့် အိမ်ရှင်ရပ်ရွာလူထုတို့က အမိုးအကာ၊ စားနပ်ရိက္ခာ၊ သောက်ရေတို့အပါအဝင် လတ်တလောနှင့် အခြေခံအသက်ကယ်ဆယ်ရေးအကူအညီများကို ထောက်ပံ့ကူညီရာတွင် တက်ကြွစွာဖြင့် လက်တွဲဆောင်ရွက်နေကြသည်။ လတ်တလောလိုအပ်ချက်များတွင် အစားအစာ၊ အနွေးထည်၊ အိပ်ယာ၊ ခြင်ထောင်၊ တကိုယ်ရည် ကျန်းမာရေးသုံးပစ္စည်းများနှင့် စားနပ်ရိက္ခာ မဟုတ်သောပစ္စည်းများပါဝင်ကြသည်။ အချို့ကိစ္စရပ်များတွင် အရပ်သားများသည် ထိခိုက်ဒဏ်ရာများနှင့် ဖျားနာမှုများအတွက် ဆေးကုသရေး ဝန်ဆောင်မှုများကိုရယူရန် လိုအပ်နေပါသည်။ လုံခြုံရေးအခြေအနေအရ သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများရှိနေခြင်းကြောင့် ထောက်ပံ့ကူညီမှု အများစုကို ကာလတိုအတွက် အဓိက ထောက်ပံ့ရေး ပုံစံတစ်ခုဖြစ်သည့် တိုက်ရိုက်ငွေသားလွှဲပြောင်းပေးမှုများဖြင့် ပြုလုပ်ခဲ့ရသည်။ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ အိမ်ရှင်ရပ်ရွာလူထုများ၊ ပုဂ္ဂလိက အလှူရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် လတ်တလော နေရပ်စွန့်ခွာရသူများအတွက် ငွေသားအကူအညီ၊ မရှိမဖြစ်လိုအပ်သော စားနပ်ရိက္ခာများ၊ အရေးကြီးကယ်ဆယ်ရေး ပစ္စည်းများကို အောက်ပါအတိုင်း ပေးအပ်ဆောင်ရွက်နိုင်ခဲ့သည် -

- လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် နေရပ်စွန့်ခွာရသူ ၂၃၇၁၉ ဦးအနက် ၄၀ ရာခိုင်နှုန်းကျော်ကို လူကိုယ်တိုင်ဖြစ်စေ အဝေးမှဖြစ်စေ ကူညီနိုင်ခဲ့သည်။
- အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ လတ်တလောနေရပ်စွန့်ခွာရသူအားလုံးနီးပါးသည် ဘာသာရေးနေရာများတွင် အဓိကခိုလှုံနေကြပြီး၊ အနည်းငယ်သည် ယခင်ရှိနှင့်ပြီးသည့် IDPs စခန်းများသို့ ရောက်ရှိသွားကြောင်း သိရှိရသည်။
- ကွတ်ခိုင်မြို့နယ်တွင် IDPs ၃၀၀၀ ကျော်သို့ ငွေကြေးအကူအညီများ တိုးချဲ့ပေးအပ်နိုင်ခဲ့သည်။
- လားရှိုးမြို့နယ်တွင် IDPs ၁၅၀၀ ဦးနီးပါးသို့ ဆန်၊ ဆီ၊ မရှိမဖြစ် အိမ်ထောင်သုံးပစ္စည်းများ၊ ကျန်းမာရေးသုံးပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။
- ကျောက်မဲမြို့နယ်တွင် IDPs ၄၀၀ ဦးသို့ ငွေကြေးနှင့် စားနပ်ရိက္ခာပူးတွဲအကူအညီများ ထောက်ပံ့ပေးအပ်ခဲ့သည်။


အရှေ့တောင်ပိုင်းဒေသတွင် IDPs များအတွက် စားနပ်ရိက္ခာနှင့် မရှိမဖြစ်လိုအပ်သော ဆေးဝါးပစ္စည်းများ အဆောတလျင်ထောက်ပံ့ပေးနိုင်ရန် အလေးထားဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းကဲ့သို့ပင် ဤဒေသတွင်လည်း သွားလာဝင်ရောက်ကူညီရေးဆိုင်ရာ အခက်အခဲမှာ ကြီးမားနေဆဲဖြစ်သည်။

## အကူအညီပေးရန် လစ်ဟာမှုများနှင့် စိန်ခေါ်မှုများ

- ဘေးကင်းလုံခြုံပြီး၊ အတားအဆီးကင်းသော လူသားချင်းစာနာမှုဆိုင်ရာ ဝင်ရောက်ကူညီခွင့်ရရှိရေးသည် လူသားချင်းစာနာမှု အကူအညီများကို အချိန်နှင့်တပြေးညီ ပေးအပ်နိုင်ရေးအတွက် အရေးအကြီးဆုံး ဖြစ်ပါသည်။
- တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်းနှင့်အတူ စစ်ဆေးရေးဂိတ်များရှိနေခြင်း၊ လမ်းများပိတ်ထားခြင်း၊ တံတားများ ပျက်စီးနေခြင်းတို့ကြောင့် ဘေးဒဏ်ခံပြည်သူများထံ ဖြန့်ကြက်ရောက်ရှိနိုင်ရန်၊ လိုအပ်ချက်များကို အတည်ပြုသည့်လုပ်ငန်းဆောင်ရွက်ရန်နှင့် အရေးကြီး ထောက်ပံ့ရေးပစ္စည်းများသယ်ယူပို့ဆောင်ရန်အတွက် လူသားချင်းစာနာမှုအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းကို အကန့်အသတ်များစွာဖြစ်စေပါသည်။
- အထူးသဖြင့် ကွတ်ခိုင်နှင့် သိန္နီမြို့နယ်များအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဆက်သွယ်ရေးအခြေခံအဆောက်အဦများ ပျက်စီးနေခြင်းကြောင့် လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ဘေးဒဏ်သင့်သူများ၏ လိုအပ်ချက်များကို ဆန်းစစ်အတည်ပြုရာတွင် လုပ်ငန်းနှောင့်နှေးမှုများ ဖြစ်လျက်ရှိပါသည်။
- ပဋိပက္ခဒဏ်သင့်ဒေသများရှိ မရှိမဖြစ်ကုန်ပစ္စည်းများ၏ဈေးနှုန်းများ ကြီးမြင့်လာခြင်းကြောင့် လတ်တလောနေရပ်စွန့်ခွာလာရသူများအား ထောက်ပံ့ကူညီပေးနေသည့် အိမ်ရှင်ရပ်ရွာလူထုအတွက် ပိုမိုခက်ခဲကျပ်တည်းလျက်ရှိပါသည်။
- ဘေးကင်းလုံခြုံမှုမရှိခြင်း၊ တိုက်ပွဲများဆက်လက်ဖြစ်ပွားနေခြင်း၊ လမ်းများပိတ်ဆို့ခြင်းနှင့် လားရှိုးမြို့သို့လေယာဉ်ခရီးစဉ်များ ဆိုင်းငံ့ထားခြင်းတို့ကြောင့် လူသားချင်းစာနာမှုဆိုင်ရာ ကုန်ပစ္စည်းများအား သယ်ယူပို့ဆောင်ရေးအတွက် ကြီးမားသော စိန်ခေါ်မှုများ

ဖြစ်နေပါသည်။ ယခင် ရက်သတ္တပတ်အတွင်း အတွေ့အကြုံများအရ ကူညီထောက်ပံ့ရေးအတွက် အထိရောက်ဆုံးသော နည်းလမ်းမှာ ငွေသားတိုက်ရိုက်လွှဲပြောင်းပေးခြင်းနည်းလမ်းပင်ဖြစ်သည်။

** *ဤသတင်းလွှာပါ အချက်အလက်များသည် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းဒေသတို့ရှိ လူသားချင်းစာနာမှုဆိုင်ရာ မိတ်ဖက်အဖွဲ့များထံမှ ကနဦးပေးပို့သောအချက်အလက်များကို အခြေခံထားသည်။*




**The displacement figures were obtained from reliable sources. However the verification is ongoing.*

သတင်းအချက်အလက် ထပ်မံသိရှိလိုပါက ဖော်ပြပါပုဂ္ဂိုလ်များထံ ဆက်သွယ်ပါရန်

**Sajjad Mohammad Sajid,** Head of Office, sajid@un.org

**Danielle Parry,** Deputy Head of Office, parryd@un.org

**Kyoko Ono,** Deputy Head of Office, onok@un.org

**Suhad Sakalla,** Humanitarian Affairs Officer, sakalla@un.org

ပိုမိုသိရှိပါက ဝင်ရောက်ကြည့်ရှုရန် https://www.facebook.com/OCHAMyanmar; https://twitter.com/ochamyanmar